# Covid-19 ကူးစက်ရောဂါ ကူးစက်ပျံ့နှံ့မှုကြောင့် မိမိနိုင်ငံသို့ပြန်ရန် အခက်အခဲဖြစ်နေသူများအတွက် နေထိုင်ခွင့်အရည်အချင်းအရ အထူးစီမံဖြေရှင်းမှုများ ပြီးဆုံးကြောင်းနှင့် စပ်လျဉ်း၍

၂၀၂၂ ခုနှစ်၊ မေ (၃၁)
ဂျပန်နိုင်ငံလူဝင်မှုကြီးကြပ်ရေးအေဂျင်စီ
Immigration Services Agency of Japan

## နောက်ပိုင်းကာလတွင်လုပ်ဆောင်သွားမည့် အစီအစဉ်များ

○ ဂျပန်နိုင်ငံမှထွက်ခွာမည့်သူများ တိုးတက်များပြားလျက်ရှိသည့်အခြေအနေကြောင့် အထူးအစီအစဉ်ဖြင့် နေထိုင်ခွင့်သတ်မှတ်ပေးထားသော နိုင်ငံခြားသားပုဂ္ဂိုလ်များနှင့် စပ်လျဉ်းပြီး လက်ရှိရရှိထားသည့် နေထိုင်ခွင့်အရည်အချင်းအရ နေထိုင်ခွင့်ကာလပေါ်မူတည်၍ အောက်ဖော်ပြပါအတိုင်း မိမိနိုင်ငံသို့ပြန်ရန်အတွက်စီမံဖြေရှင်းမှုများ ချမှတ်လိုက်ပါသည်။

## (၁) ဇွန် ၂၉ ရက်အထိကာလအတွင်း နေထိုင်ခွင့်ကာလသက်တမ်းပြည့်မည့်ပုဂ္ဂိုလ်များ

နေထိုင်ခွင့်ကာလသက်တမ်းတိုးရန်အတွက် အောက်ဖော်ပြပါအတိုင်း ခွင့်ပြုထားပါသည်။

က) "အထူးလှုပ်ရှားမှုဗီဇာ (၆ လ)"ဖြင့် နေထိုင်လျက်ရှိသောပုဂ္ဂိုလ်များ : "အထူးလှုပ်ရှားမှုဗီဇာ (၄ လ)"

ခ) "ကာလတိုနေထိုင်ခွင့်ဗီဇာ (ရက် ၉၀)"ဖြင့် နေထိုင်လျက်ရှိသောပုဂ္ဂိုလ်များ : "ကာလတိုနေထိုင်ခွင့်ဗီဇာ (ရက် ၉၀)"

သတိပြုရန် ၁) လက်ရှိခွင့်ပြုထားသောကန့်သတ်ချက်များအတွင်း အလုပ်ဆက်လက်လုပ်ကိုင်နိုင်ပါသည်။

သတိပြုရန် ၂) နောက်တစ်ကြိမ်သက်တမ်းတိုးချိန်တွင် "အထူးလှုပ်ရှားမှုဗီဇာ (၄ လ)" သို့မဟုတ် "ကာလတိုနေထိုင်ခွင့်ဗီဇာ (ရက် ၉၀)" ကို "ဤတစ်ကြိမ်သာ" ခွင့်ပြုပါမည်။

## (၂) ဇွန် ၃၀ ရက်နောက်ပိုင်း နေထိုင်ခွင့်ကာလသက်တမ်းပြည့်မည့်ပုဂ္ဂိုလ်များ

"ဤတစ်ကြိမ်သာ" အားဖြင့် အောက်ဖော်ပါအတိုင်း နေထိုင်ခွင့်ကာလသက်တမ်းတိုးခြင်းကို ခွင့်ပြုပါမည်။

က) "အထူးလှုပ်ရှားမှုဗီဇာ (၆ လ)" စသည်ဖြင့် နေထိုင်လျက်ရှိသောပုဂ္ဂိုလ်များ : "အထူးလှုပ်ရှားမှုဗီဇာ (၄ လ)"

ခ) "ကာလတိုနေထိုင်ခွင့်ဗီဇာ (ရက် ၉၀)"ဖြင့် နေထိုင်လျက်ရှိသောပုဂ္ဂိုလ်များ : "ကာလတိုနေထိုင်ခွင့်ဗီဇာ (ရက် ၉၀)"

သတိပြုရန် ၁) လက်ရှိခွင့်ပြုထားသောကန့်သတ်ချက်များအတွင်း အလုပ်ဆက်လက်လုပ်ကိုင်နိုင်ပါသည်။

သတိပြုရန် ၂) မိမိနိုင်ငံသို့ပြန်ရန် အခက်အခဲရှိသည့်အကြောင်းပြချက်ဖြင့် နေထိုင်ခွင့်ပြုခြင်းသည် ဤတစ်ကြိမ်သာဖြစ်ပါမည်။ ဤတစ်ကြိမ်တွင်ခွင့်ပြုလိုက်သည့်သက်တမ်းကာလအတွင်း နိုင်ငံသို့ပြန်ရန်အတွက် ပြင်ဆင်မှုများ ဆက်လက်လုပ်ဆောင်ပါ။

သတိပြုရန် ၃) အထက်ဖော်ပြပါခွင့်ပြုချက်နှင့်သက်ဆိုင်သည့် နေထိုင်ခွင့်ကာလပြည့်သွားပါက နေထိုင်ခွင့်ကာလသက်တမ်းတိုးရန်အတွက် အသိအမှတ်မပြုတော့ပါ။

## (၃) မိမိနိုင်ငံသို့ပြန်ရန် အခက်အခဲရှိကြောင်းအကြောင်းပြချက်ဖြင့် အသစ်ထပ်မံပြီးနေထိုင်ခွင့်ရယူလိုသည့်ပုဂ္ဂိုလ်များ

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ (၁) ရက်အထိကာလအတွင်း လက်ရှိရရှိထားသော နေထိုင်ခွင့်အရည်အချင်းအရ နေထိုင်ခွင့်ကာလ သက်တမ်းပြည့်မည့် အခြေအနေအတွက်သာ အထက်ဖော်ပြပါ (၂) ရှိ "ဤတစ်ကြိမ်သာ" စီမံဖြေရှင်းမှုကို အသိအမှတ်ပြုပါမည်။

သတိပြုရန် ) "အထူးလှုပ်ရှားမှုဗီဇာ (အလုပ်အကိုင်တည်မြဲရေး ကူညီထောက်ပံ့မှု)" နှင့်ပတ်သက်၍ အများဆုံး ၁ နှစ် (* "ဤတစ်ကြိမ်သာ") ခွင့်ပြုပေးပါမည်။

*** "ဤတစ်ကြိမ်သာ" ခွင့်ပြုချက်ကို ရယူမည့်ပုဂ္ဂိုလ်သည် "အတည်ပြုလွှာ" တင်ပြရန် လိုအပ်ပါသည်။**

# အထူးစီမံဖြေရှင်းမှု ပြီးဆုံးခြင်းနှင့် အကျုံးဝင်သူများ



| | အကျုံးဝင်သူများ | ယခင် ကိုင်တွယ်ဆောင်ရွက်မှု | ကိုင်တွယ်ဆောင်ရွက်မှုအသစ် |
|---|---|---|---|
| ၁ | ယခင် ကျွမ်းကျင်လုပ်သား | အထူးလှုပ်ရှားမှုဗီဇာ (၆ လ၊ မိမိနိုင်ငံပြန်ရန်ခက်ခဲ၊ အလုပ်လုပ်ခွင့်ရှိ) | အထူးလှုပ်ရှားမှုဗီဇာ (၄ လ၊ မိမိနိုင်ငံပြန်ရန်ခက်ခဲ၊ အလုပ်လုပ်ခွင့်ရှိ) |
| ၂ | ယခင် ပညာတော်သင် ကျောင်းသား | အထူးလှုပ်ရှားမှုဗီဇာ (၆ လ၊ မိမိနိုင်ငံပြန်ရန်ခက်ခဲ၊ တစ်ပတ်လျှင် ၂၈ နာရီအောက်သာ အလုပ်လုပ်ခွင့်ရှိ) | အထူးလှုပ်ရှားမှုဗီဇာ (၄ လ၊ မိမိနိုင်ငံပြန်ရန်ခက်ခဲ၊ တစ်ပတ်လျှင် ၂၈ နာရီအောက်သာ အလုပ်လုပ်ခွင့်ရှိ) |
| ၃ | ယခင် ကာလလတ်နှင့် ကာလရှည်နေထိုင်သူ | အထူးလှုပ်ရှားမှုဗီဇာ (၆ လ၊ မိမိနိုင်ငံပြန်ရန်ခက်ခဲ၊ အလုပ်လုပ်ခွင့်မရှိ) (*) | အထူးလှုပ်ရှားမှုဗီဇာ (၄ လ၊ မိမိနိုင်ငံပြန်ရန်ခက်ခဲ၊ အလုပ်လုပ်ခွင့်မရှိ) (*) |
| ၄ | ကာလတိုနေထိုင်သူ | ကာလတိုနေထိုင်ခွင့်ဗီဇာ (ရက် ၉၀၊ မိမိနိုင်ငံပြန်ရန်ခက်ခဲ၊ အလုပ်လုပ်ခွင့်မရှိ) (*) | ကာလတိုနေထိုင်ခွင့်ဗီဇာ (ရက် ၉၀၊ မိမိနိုင်ငံပြန်ရန်ခက်ခဲ၊ အလုပ်လုပ်ခွင့်မရှိ) (*) |
| ၅ | အလုပ်အကိုင်တည်မြဲရေး ကူညီထောက်ပံ့မှုနှင့် အကျုံးဝင်သူ | အထူးလှုပ်ရှားမှုဗီဇာ (အများဆုံး ၁ နှစ်၊ အလုပ်အကိုင်တည်မြဲရေးကူညီထောက်ပံ့မှု၊ အလုပ်လုပ်ခွင့်ရှိ) | အထူးလှုပ်ရှားမှုဗီဇာ (အများဆုံး ၁ နှစ်၊ အလုပ်အကိုင်တည်မြဲရေးကူညီထောက်ပံ့မှု၊ အလုပ်လုပ်ခွင့်ရှိ) သတိပြုရန်-သက်တမ်းတိုးချိန်တွင် ၄ လ |
| ၆ | အလုပ်သင် (အမိန့်ကြော်ငြာစာ အမှတ် ၉) ကုန်ထုတ်လုပ်ငန်းဆိုင်ရာ နိုင်ငံခြားသားဝန်ထမ်း (အမိန့်ကြော်ငြာစာ အမှတ် ၂၄) | အထူးလှုပ်ရှားမှုဗီဇာ (၆ လ၊ မိမိနိုင်ငံပြန်ရန်ခက်ခဲ၊ အလုပ်လုပ်ခွင့်ရှိ) | အထူးလှုပ်ရှားမှုဗီဇာ (၄ လ၊ မိမိနိုင်ငံပြန်ရန်ခက်ခဲ၊ အလုပ်လုပ်ခွင့်ရှိ) |
| ၇ | ယခင် နိုင်ငံခြားသား အိမ်အကူလုပ်သား | အထူးလှုပ်ရှားမှုဗီဇာ (၆ လ၊ မိမိနိုင်ငံပြန်ရန်ခက်ခဲ၊ အလုပ်လုပ်ခွင့်မရှိ) (*) | အထူးလှုပ်ရှားမှုဗီဇာ (၄ လ၊ မိမိနိုင်ငံပြန်ရန်ခက်ခဲ၊ အလုပ်လုပ်ခွင့်မရှိ) (*) |

*** နေထိုင်ခွင့်အရည်အချင်းမဟုတ်သော လှုပ်ရှားမှုများအတွက် ခွင့်ပြုချက်ရယူခြင်းအားဖြင့် တစ်ပတ်လျှင် ၂၈ နာရီနှင့်အောက် အလုပ်လုပ်ခွင့်ရှိခြင်း**